# အာဆီယံစီးပွားရေးအသိုက်အဝန်းလုပ်ငန်းအဖွဲ့၏
# တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
# နေပြည်တော်၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Committee – AEC) လုပ်ငန်းအဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၅-၁-၂၀၂၄ ရက်၊ နံနက် (၁၀:၀၀) နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၂) ရှိ ဗဟိုစာရင်းအင်း အဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေး မှူးချုပ်၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီးရုံး(စီးပွားရေး)၊ စီးပွားရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ လုပ်ငန်းအဖွဲ့ဝင် များနှင့် အထူးဖိတ်ကြားထားသည့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့ တက်ရောက်ခဲ့ကြ သည်။

ရှေးဦးစွာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှ အဖွင့် အမှာစကားပြောကြားရာတွင် လစဉ်အစည်းအဝေး ကျင်းပခဲ့သည်မှာ တတိယအကြိမ်မြောက်ရှိပြီ ဖြစ်ပါကြောင်း၊ လုပ်ဆောင်မှုများတွင် တိုးတက်မှုရှိပါကြောင်း၊ လစဉ်အစည်းအဝေး၏ ရလဒ်များ ကိုလည်း Steering Committee တွင် ပုံမှန်တင်ပြနိုင်ပါကြောင်း၊ အစီရင်ခံစာအနေဖြင့် ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများထံတင်ပြပါကြောင်း၊ အာဆီယံတွင် ဘာသာရပ်နယ်ပယ်အလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများပေါ် ပြန်လည်သုံးသပ်ဖို့လိုပါကြောင်းနှင့် ၂၀၂၄ ခုနှစ်အတွက် ဆောင်ရွက်ရမည့်ကိစ္စများအား ကြိုတင်ပြင်ဆင်ထားကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းအဖွဲ့ဝင်များမှ ၎င်းတို့၏ လုပ်ငန်းအဖွဲ့များအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နံနက် ( ၁၁:၀၀ ) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။